# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး

# ၂၂ ရက်မြောက်နေ့အစီအစဉ်

# ၂၁ – ၉ – ၂၀၁၁ (ဗုဒ္ဓဟူးနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၂ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် များက ခွင့်ပန်ကြားခြင်း နှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော် ကိုယ်စားလှယ် များက မေးမြန်းခြင်း နှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင် များက ဖြေကြားခြင်း–

(က) ဦးညဏ်ဆွေဝင်း၊ ကျောက်ကြီး မဲဆန္ဒနယ်၏ **“ တောင်သူလယ်သမား အဖွဲ့အစည်း”** နှင့် စပ်လျဉ်းသည့် မေးခွန်း။

( ခ ) ဦးတင်မောင်ဝင်း၊ မင်္ဂလာဒုံမဲဆန္ဒနယ်၏ **“မြန်မာ့စီးပွားရေးဘဏ်ခွဲ တစ်ခု ဖွင့်လှစ်ပေးရေး”** နှင့် စပ်လျဉ်းသည့် မေးခွန်း။

( ဂ ) ဦးသူရိန်ဇော်၊ ကော့ကရိတ် မဲဆန္ဒနယ်၏ **“ကော့ကရိတ်မြို့နယ်နှင့် လှိုင်းဘွဲ့မြို့နယ် ၂ ခုအား ဖြတ်သန်းသွားမည့်လမ်း အမြန် ပြီးစီးရေး”** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဦးသန်းဦး၊ မြဝတီ မဲဆန္ဒနယ်၏ **“ မြဝတီ–ဘားအံလမ်းပိုင်း”** နှင့် စပ်လျဉ်းသည့် မေးခွန်း။

( င ) ဦးဌေးဝင်း၊ လယ်ဝေး မဲဆန္ဒနယ်၏ **“ ရန်ကုန်–မန္တလေး လမ်းဘေး ဝဲယာရှိကျေးရွာများနှင့်လမ်းဖြတ်တံတားများသို့ ဆက်သွယ် သည့် လမ်းများဖောက်လုပ်ပေးရန်”** နှင့်စပ်လျဉ်းသည့် မေးခွန်း။

( စ ) ဦးစိုးနိုင်၊ ဖျာပုံ မဲဆန္ဒနယ်၏ **"ဖျာပုံ–အမာ ကားလမ်း"** နှင့်စပ်လျဉ်းသည့် မေးခွန်း။

၆။ **" ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေကြမ်း"** ကို လွှတ်တော်အခွင့်အရေး ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌ က တာဝန်ပေးအပ်သူက တင်သွင်းခြင်း။

၇။ **" ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌ က တာဝန်ပေးအပ်သူက ဖတ်ကြားရှင်းလင်းခြင်း။

၈။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ က **" ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေကြမ်း"** ကို လွှတ်တော်က ဆွေးနွေးစဉ်းစားရန်ဖြစ်ကြောင်းနှင့် ဥပဒေကြမ်း နှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

၉။ **" တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေကြမ်း"** ကို လွှတ်တော်အခွင့်အရေး ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌ က တာဝန်ပေးအပ်သူက တင်သွင်းခြင်း။

၁၀။ **" တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌ က တာဝန်ပေးအပ်သူက ဖတ်ကြားရှင်းလင်းခြင်း။

၁၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ က **" တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ် လွှတ်တော်ဆိုင်ရာ ဥပဒေကြမ်း"** ကို လွှတ်တော်က ဆွေးနွေးစဉ်းစားရန် ဖြစ်ကြောင်းနှင့် ဥပဒေကြမ်း နှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်း ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်း နိုင်ကြောင်း ကြေညာခြင်း။

၁၂။ ဦးဖုံးတိန့်၊ ချီဖွေ မဲဆန္ဒနယ်၏ **" ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသော ဒေသများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အစိုးရဌာနဆိုင်ရာ ဝန်ထမ်းများအတွက် နိုင်ငံတော်အစိုးရမှ ဒေသစရိတ် (ဝါ) ရှားပါးစရိတ်များကို အခြေအနေနှင့် လိုက်လျောညီထွေရှိသော နှုန်းထားပြောင်းလဲရေး "** အဆိုကို အောက်ပါ လွှတ်တော် ကိုယ်စားလှယ်များ က ဆွေးနွေးခြင်း–

(က) ဦးဇင်းဝမ်၊ နန်းယွန်း မဲဆန္ဒနယ်။

( ခ ) ဦးထန်းလိန်း၊ မင်းတပ် မဲဆန္ဒနယ်။

( ဂ ) ဦးကျော်ခိုင်ဝင်း၊ မဲ့စဲ့ မဲဆန္ဒနယ်။

(ဃ) ဦးစီခန်ရမ်၊ ခေါင်လန်ဖူး မဲဆန္ဒနယ်။

( င ) ဦးခင်မောင်ဌေး၊ ထီးလင်း မဲဆန္ဒနယ်။

( စ ) ဦးစိုင်းသန်းနိုင်၊ ဖာပွန် မဲဆန္ဒနယ်။

(ဆ) ဦးထွန်းဆာ(ခ)ဦးစိုင်းထွန်းဝင်း၊ တန့်ယန်း မဲဆန္ဒနယ်။

( ဇ ) ဦးအိုက်ယွန်းမွန်း၊ မက်မန်း မဲဆန္ဒနယ်။

၁၃။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင် က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်း။

၁၄။ အဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၁၅။ ဦးမျိုးဆွေ၊ တနိုင်း မဲဆန္ဒနယ်၏ **" မြေလွတ်မြေရိုင်းများအား အမှန်တကယ် လုပ်ကိုင်လိုသူများ တရားမျှတစွာ လုပ်ကိုင်ခွင့်ရရှိရေး "** အဆိုတင်သွင်းခြင်း။

၁၆။ အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌ က ကြေညာခြင်း။

၁၇။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၂ ရက်မြောက်နေ့ရပ်နားကြောင်း နှင့် အစည်းအဝေး ၂၃ ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။